# ကထိန်ကို ခွင့်ပြုချိန်

**အရှင်ကေလာသ**
**ဇန်နဝါရီ ၄၊ ၂၀၁၆။**

--------------

ဘုန်းကြီး ဘုရား .. မြတ်စွာဘုရားရှင်သည် ကထိန်ခင်းခြင်းနှင့် ကထိန်သင်္ကန်းကို သက်တော် ဘယ်မျှ သို့မဟုတ် ဘယ်နှစ်ဝါ မြောက်တွင် ဘယ်အရပ်ဒေသမှာ သီတင်းသုံးစဉ် ခွင့်ပြုတော် မူခဲ့ပါသနည်း။ အချိန်ရလျှင် ဖြေကြားပေးစေချင်ပါသည် ဘုရား။

အရှင်ဝရသာမိ (မဟာချိုင်)

-------------------------

## ကထိန်ခင်းခွင့်

ကောသလ ဘုရင်နဲ့ ဝမ်းကွဲ ညီအစ်ကို တော်စပ်ပြီး အတူတူ နေကြတဲ့ ရဟန်းသုံးကျိပ် (= အပါး ၃၀) ရှိတယ်။ ဘဒ္ဒဝဂ္ဂီ ညီနောင်များလို့ ခေါ်တယ်။ အားလုံး ဓုတင်ဆောင် ပုဂ္ဂိုလ်တွေ ဖြစ်ရုံမက အရိယာအဆင့် တစ်ခုခုကို ရပြီးသူတွေလည်း ဖြစ်တယ်။ မြတ်ဗုဒ္ဓ သာဝတ္ထိမြို့မှာ ဝါဆိုစဉ် အဲဒီ ညီနောင်တွေ ပါဝါမြို့ကနေ ဝါဆိုအမီ မြတ်ဗုဒ္ဓထံ အဖူးမြော် လာခဲ့ကြပေမယ့် ဝါဆိုချိန် မမီလိုက်လို့ ၆–ယူဇနာလောက် ဝေးတဲ့ သာကေတမြို့မှာ ဝါဆိုကြရတယ်။ သီတင်းကျွတ်တာနဲ့ ဘုရားဖူးအလာ လမ်းမှာ မိုးမိတဲ့အတွက် စိုရွှဲကုန်လို့ ရွှံ့ညွန် လိမ်းကျံနေတဲ့ သင်္ကန်းတွေနဲ့ မြတ်ဗုဒ္ဓကို ဖူးမြော်ကြတဲ့အခါ မြတ်ဗုဒ္ဓက ရဟန်းတွေ သင်္ကန်းနဲ့ ဆိုင်တဲ့ သိက္ခာပုဒ်အချို့ ကင်းလွတ်ခွင့် အပါအဝင် အကျိုးငါးမျိုး ရရှိဖို့ ရည်ရွယ်ပြီး ကထိန်ခင်းခြင်းနဲ့ ကထိန်သင်္ကန်းကို ခွင့်ပြုတော်မူပါတယ်။

အဲဒီ အကျိုး ငါးမျိုးထဲမှာ ဂဏဘောဇနသိက္ခာပုဒ် ပညတ်ချက်မှ ကင်းလွတ်ခွင့်ကို မြတ်ဗုဒ္ဓကိုယ်တိုင် အမည်နာမ ထုတ်ဖော်ပြီး တိုက်ရိုက် ဖော်ပြတော်မူတယ် (ဝိ ၃၊ ၃၅၂)။

## ငါးဟင်းလေး

ဒေဝဒတ်ရဲ့ မမှန်မကန် လုပ်ရပ်တွေကို ပြည်သူတို့ သိသွားတဲ့အခါ ပြည်သူတွေက ဒေဝဒတ်နဲ့ ပေါင်းတဲ့ အဇာတသတ်ကိုပါ ကဲ့ရဲ့ ပြစ်တင်ကြလို့ အဇာတသတ်က ဒေဝဒတ်ကို အဆက်အသွယ် ဖြတ်လိုက်တာကြောင့် ဒေဝဒတ်မှာ လာဘ်လာဘ နည်းပါးသွားတယ်။ ဒါကြောင့် ဒေဝဒတ်ဟာ တစ်အိမ်ဝင် တစ်အိမ်ထွက် နဲ့ ခင်ဗျားက ထမင်း တစ်ထပ်ကျွေး၊ ငါးဟင်းလေး လုပ်ပါအုံး စသည်ဖြင့် လူတွေဆီမှာ ခပ်ကြမ်းကြမ်း အလှူခံတယ်။ ဒါကို အကြောင်းပြုပြီး မြတ်ဗုဒ္ဓက ရဟန်းသည် အဲဒီလို ဘောဇဉ်ငါးပါးရဲ့ အမည်ကို ထုတ်ဖော်ပြီး အလှူမခံရ (ပင့်ဖိတ်တာကိုလည်း လက်မခံရ)ဆိုတဲ့ ဂဏဘောဇန သိက္ခာပုဒ်ကို ပညတ်တော်မူတယ် (ဝိ ၂၊ ၉၇)။

ဒီဖြစ်ရပ်အရ ဂဏဘောဇန သိက္ခာပုဒ်ကို အဇာတသတ် မင်းသား မင်းဖြစ်ပြီးမှ ပညတ်တော်မူတာ။ တစ်ဖန် ကထိန်ရဲ့ အကျိုး ငါးမျိုးထဲမှာ ဒီသိက္ခာပုဒ်မှ ကင်းလွတ်ခွင့် (ကျူးလွန်ပေမယ့် အာပတ် မသင့်ခြင်း) ပါနေလို့ ကထိန်ခင်းခြင်းကို ခွင့်မပြုခင် ဒီသိက္ခာပုဒ်ကို ပညတ်ပြီး ဖြစ်နေပြီလို့ ဆိုနိုင်သလို ကထိန်ကို ခွင့်ပြုတာဟာ အဇာတသတ်မင်း လက်ထက်မှာ ဖြစ်တယ်လို့လည်း ဆိုနိုင်တယ်။

## ဘယ်အချိန်လဲ

ဒီပဝံသကျမ်းဆို အရ အဇာတသတ္တု မင်းဖြစ်ပြီး ၈–နှစ်မြောက်မှာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတယ် (အဇာတသတ္တု ဗာတ္တိံသ၊ ရဇ္ဇံ ကာရေသိ ခတ္တိယော။ အဋ္ဌဝဿာဘိသိတ္တဿ၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ ဒီပဝံသ၊ ၃း၆၀)။ ဒီလို ဖြစ်ရင် မြတ်ဗုဒ္ဓရဲ့ သက်တော် ၇၂–နှစ် (၃၇–ဝါ) ကျော်မှ ဂဏဘောဇန သိက္ခာပုဒ်ကို ပညတ်ခြင်းနဲ့ ကထိန်ကို ခွင့်ပြုခြင်း ဆိုတာတွေ ဖြစ်နိုင်တယ်။

ဒါကြောင့် ပစ္ဆိမဗောဓိ အချိန်အတွင်း အဇာတသတ္တုမင်း လက်ထက်မှာ ကထိန်ကို ခွင့်ပြုတော်မူ၏ (ပစ္ဆိမ ဗောဓိယံ အဇာတသတ္တုကာလေ ကထိနံ အနုညာတံ)လို့ ဝဇိရဗုဒ္ဓိဋီကာ (စာ–၂၁၄) မှာ မိန့်တာ ဖြစ်ပါတယ်။ ပစ္ဆိမဗောဓိ အချိန်ဆိုတာ ဘုရားရှင်ရဲ့ နောက်ဆုံး ၁၃–ဝါ (တစ်နည်း ၁၅–ဝါ)ကို ခေါ်တာ (သာရတ္ထ–ဋီ ၁၊ ၄၄၄)။

## အဖြေ

ဖော်ပြပါ ရှင်းလင်းချက်ကို ပြန်ချုပ်ရင် မြတ်ဗုဒ္ဓ သက်တော် ၇၂–နှစ် (၃၇–ဝါ)နောက်ပိုင်းမှာ ကထိန်ကို ခွင့်ပြုခဲ့ဖွယ် ရှိပြီး ခွင့်ပြုတဲ့ နေရာက သာဝတ္ထိမြို့ ဇေတဝန်ကျောင်း ဖြစ်ကြောင်း မှတ်နိုင်ပါတယ်။ တိစီဝရိက် (သင်းပိုင်၊ ကေသီ၊ နှစ်ထပ်သင်္ကန်းဟူသော သင်္ကန်း သုံးထည်)ကို ဝိနည်းအရ သွားလေရာ ယူဆောင်ရလို့ သင်္ကန်းတွေ မိုးရေ စိုရွှဲသွားခြင်းကြောင့် ဆင်းရဲ ကြုံတဲ့ ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်ကို အကြောင်းပြုပြီး ပညတ်ရကြောင်းကိုလည်း မမေ့ပေမယ့် အပို မှတ်ထားပေါ့။ ❐